Vol. 2 ., Issue 3

# The Strategy First Times

December 5, 2016 | ၁၃၇၈ ခု၊ နတ်တော်လဆန်း (၆) ရက်နေ့၊ တနင်္လာနေ့ | နှစ်ပတ် တစ်ကြိမ် / Digital Edition



NCC Level 4DB (3FT) ကျောင်းသား၊ ကျောင်းသူများရဲ့ပုဂံလေ့လာရေးခရီးစဉ် စာ - ၃ သို့

## ထင်းရှူးမြို့တော် (သို့) ကလော

ကလောမြို့သို့ အလည်ရောက်ဖူးသူတိုင်း ထင်းရှူးပင်ကြားက မြို့လေး၊ တောင်တန်းတွေ ဝန်းရံထားတဲ့ မြို့လေးရဲ့ သဘာဝ အလှရှုခင်းတွေကို မေ့လို့ရနိုင်မယ် မထင်ပါဘူး။ တောင်ပေါ်မြို့လေးတစ်မြို့ ဖြစ်တဲ့အတွက် အေးစိမ့်စိမ့် တောင်ပေါ်လေက မြေပြန့်ဒေသမှ လာရောက် လည်ပတ်တဲ့ ခရီးသွားတွေကို ဆီးကြိုနှုတ်ဆက်လို့ နေပါတယ်။ ထင်းရှူးပင်အနံ့တွေ၊ မြူတွေ ဆိုင်းနေတတ်တဲ့ နံနက်ခင်းနဲ့ ညနေခင်းတွေ၊ လမ်းတစ်လျှောက်ပန်းခင်းတွေက ခရီးသွားချစ်သူတွေကို ဆွဲဆောင်နေတဲ့ သဘာဝတရား အလှအပတွေပဲ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းမှာ တည်ရှိတဲ့ တောင်ပေါ်မြို့ကပင်လယ်ရေမျက်နှာပြင်အထက် ၁၄၀၀ ကျော် - ၁၅၀၀ ဝန်းကျင်မှာ တည်ရှိပါတယ်။ ကလောမြို့ကို ရှေးမြန်မာမင်းများလက်ထက်က ရှမ်းပြည်နယ်သို့လာရာ လမ်းခုလတ်နားနေရာတစ်ခုအဖြစ် အသုံးပြုခဲ့ကြတယ်လို့ အဆိုရှိပါတယ်။ အင်္ဂလိပ်ခေတ်မှာတော့ အစိုးရအမှုထမ်းတွေက မြေပြန့်ဒေသက နွေရာသီအပူဒဏ်ကို ရှောင်ရှားဖို့အတွက် ရာသီဥတု အေးမြသာယာတဲ့ ကလောကို တောင်ပေါ်အနားယူ အပန်းဖြေစခန်းတစ်ခုအဖြစ် တည်ဆောက် နေထိုင်ခဲ့ကြပါတယ်။

စာ - ၈ သို့





## ကမ္ဘာကျော် အောင်မြင်သူတွေရဲ့ နံနက်ခင်း အမူအကျင့်များ

စာ - ၁၀ သို့



## ယုံကြည်မှုများယွင်းနေကြတဲ့ အစားအသောက်နဲ့ ပတ်သက်သော Myth များ

စာ - ၄ သို့

MBA USD 10,000 Scholarship

ဆရာမကြီး Dr. Daw Khin Ohn Thant MBA Scholarship လျှောက်ထားရန် Application Deadline ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့မှ ဒီဇင်ဘာလ (၂၀) ရက်နေ့သို့ ပြောင်းရွှေ့သတ်မှတ်လိုက်ပါပြီ။

EDINBURGH BUSINESS SCHOOL
HERIOT-WATT UNIVERSITY

STAMFORD INTERNATIONAL UNIVERSITY

## ICM Single Subject Diploma တန်းခွဲသစ်များဖွင့်မည်

အလုပ်တစ်ဖက်နဲ့မအားလပ်သူများမိမိကျွမ်းကျင်လိုတဲ့ဘာသာရပ်ကိုသာအာရုံစိုက်လေ့လာပြီး မိမိတို့၏လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည်အသုံးချမည့် သူများအတွက် ICM, UK Diploma စီးပွားရေးစီမံခန့်ခွဲမှု သင်တန်း တန်းခွဲသစ်များ ဒီဇင်ဘာလ(၆)ရက်တွင် ဖွင့်လှစ်ပါမည်။ Institute of Commercial Management (ICM), UK မှ စစ်ဆေးသော (၃) နာရီ ရေးဖြေ မေးခွန်းများကို ဖြေဆိုအောင်မြင်ပါက သက်ဆိုင်ရာဘာသာရပ်အလိုက် Single Subject Diploma များရရှိပါမည်။ စာမေးပွဲများကို မြန်မာနိုင်ငံရှိ British Council မှ စီစဉ်ပေးသွားပါမည်။

ဖွင့်လှစ်မည့် ဘာသာရပ်များမှာ

01. Marketing Management | 02. Sales & Sales Management | 03. Business Management & Administration | 04. Management of Travel and Tourism Operations | 05. Financial Management | 06. Human Resources Management | 07. Human Resource Development | 08. Logistics & Supply Chain Management | 09. Hospitality Management | 10. Project Management | 11. Business Law စသောဘာသာရပ်များကို ဖွင့်လှစ်သင်ကြားပေးသွားပါမယ်။



## CIM The Chartered Institute of Marketing — Diploma in Professional Marketing Level-6 သင်တန်းဖွင့်မည်



Professional Marketer များ ကမ္ဘာ့အဆင့် ရင်ပေါင်တန်းနိုင်ဖို့ CIM Diploma in Professional Marketing (Level 6) ဒီဇင်ဘာလတွင် ဖွင့်လှစ်ပါမည်။ နှစ်ပေါင်း ၁၀၀ ကျော်ကစတင်တည်ထောင်ပြီး အဖွဲ့ဝင် ၄၀၀၀၀ ကျော်ရှိသည့် ယူကေနိုင်ငံမှ ကမ္ဘာ့ဩဇာအရှိဆုံး ဈေးကွက်ပညာအဖွဲ့ကြီး Chartered Institute of Marketing မှ ချီးမြှင့်သော ဈေးကွက်ဒီပလိုမာ ရရှိနိုင်မည့် သင်တန်းဖြစ်ပါသည်။ **Strategy First Institute** သည် CIM အတွက် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော Accredited Study Center ဖြစ်ပါသည်။ Professional Marketing Diploma တန်းခွဲများတွင် 1. Strategic Marketing (Exam) | 2. Mastering Matrics (Assignment) | 3. Digital Strategy (Portfolio) စသော ဘာသာရပ်များကိုသင်ယူရပါမည်။

## abe Accredited Centre — Level 6 (Batch 2) တန်းခွဲသစ်များဖွင့်မည်

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး လုပ်ငန်းခွင်တွင်ဝင်ရောက်လုပ်ကိုင်နေသူများ၊ လုပ်ငန်းခွင်ဝင်ရန်ပြင်ဆင်နေသောသူများ၊ လုပ်သက်ရှိသူများအတွက် Association of Business Executives (abe, UK) မှပေးအပ်သော Diploma in Business Management နှင့် Diploma in Human Resource Management (QCF Level 6 - Graduate Diploma) – Batch-2 တန်းခွဲသစ်များကို **Strategy First** တွင် ဒီဇင်ဘာလ (၁၈)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်။ ဝင်ခွင့်သတ်မှတ်ချက်အောက်ဖော်ပြပါ အချက်များထဲမှ တစ်ခုခုကို ပြည့်မီရမည်ဖြစ်သည်။ - တက္ကသိုလ်မှ ဘွဲ့ရထားသူများ (သို့) - ABE Level 5 Diploma အောင်မြင်ပြီးသူများ (သို့) - BTEC HND အောင်မြင်ပြီးသူများဖြစ်ရမည်။ တက္ကသိုလ်ဘွဲ့ရထားပြီး စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းများမတက်ရောက်ဖူးပါက **Strategy First** တွင် Business Management and Administration သင်တန်းကိုလည်း ပူးတွဲတက်ရောက်ရပါမည်။






# Level 4 & 5 Diploma in Business တန်းခွဲသစ်များ ဖွင့်မည်

တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများအတွက် NCC Level 4 Diploma in Business (Full Time) နှင့် NCC Level 5 Diploma in Business (Part Time) ကို ဒီဇင်ဘာလ (၅) ရက်နေ့တွင် စတင်ဖွင့်လှစ်သွားပါမည်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်မယ့် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ၊ အတွေ့အကြုံများစွာ ရရှိအောင် ပြင်ဆင်ပေးမည့် သင်တန်းဖြစ်သည်။ Level 4 Diploma အောင်မြင်တဲ့အခါ ယူကေတက္ကသိုလ်များရဲ့ ဒုတိယနှစ်မှ စတင်တက်ရောက်နိုင်မှာဖြစ်ပြီး မြန်မာနိုင်ငံမှာပင် ဆက်လက်လေ့လာလိုပါက **STRATEGY FIRST INSTITUTE** တွင် ဒုတိယနှစ်နဲ့ညီမျှတဲ့ Level 5 ကို ဆက်လက် သင်ယူနိုင်ပါတယ်။ Level 5 ပြီးပါက နောက်ဆုံးနှစ် တစ်နှစ်တည်းကိုသာ UK နဲ့ Australia နိုင်ငံတွေမှာရှိတဲ့ တက္ကသိုလ်တွေမှာ တက်ရောက်ပြီး နိုင်ငံတကာ အသိအမှတ်ပြု စီးပွားရေးဘွဲ့ကို ရယူနိုင်ပါပြီ။ မြန်မာနိုင်ငံမှာပင် နောက်ဆုံးနှစ်အထိ တက်ရောက်ပြီး ယူကေစီးပွားရေးဘွဲ့ ရယူချင်သူများအတွက် အခွင့်အလမ်းလည်း ရှိပါတယ်။



## STRATEGY FIRST INSTITUTE မှ NCC Batch-3 ကျောင်းသား/သူများရဲ့ ပုဂံလေ့လာရေးခရီးစဉ်

**STRATEGY FIRST INSTITUTE** မှ NCC Batch(3) မှာ တက်ရောက်နေတဲ့ ကျောင်းသား/သူများ၊ ဆရာဦးအောင်ချစ်ခင်နဲ့ ကျောင်းအဖွဲ့တို့ဟာ နိုဝင်ဘာလ ၂၈ ရက်နေ့မှ ဒီဇင်ဘာလ (၁) ရက်နေ့အထိ ပုဂံသို့ လေ့လာရေးခရီး သွားရောက်ခဲ့ကြပါတယ်။ ၂၈ ရက်နေ့ည ၁၀ နာရီမှာ ခရီးစဉ်ကို စတင်ခဲ့ကြပြီး ၂၉ နံနက်မှာတော့ ပုဂံသို့ ရောက်ရှိခဲ့ပြီး Royal Emerald-River View Golf Resort & Restaurant မှာ တည်းခဲ့ကြပါတယ်။ ၂၉ ရက်နေ့ နံနက် (၈) နာရီက စတင်ပြီး ပုဂံတစ်ဝန်းဘုရားများကို သွားရောက်ဖူးမြော်ကြရာ နံနက်ပိုင်းမှာ အလိုတော်ပြည့်ဘုရား အပါအဝင် ပြည့်(၅)ပြည့် ဘုရားများကို ရောက်ခဲ့ကြပါတယ်။ နေ့လည်ပိုင်းမှာတော့ ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတ ရရှိနိုင်ဖို့အတွက် ဆရာဦးအောင်ချစ်ခင်မှ Business Planning သင်ကြားပေးရင်း ဇီးကွက်ပုန်းရည်ကြီးလုပ်ငန်းနဲ့ ယွန်းထည်လုပ်ငန်းများ လုပ်ကိုင်နေပုံကို သွားရောက် လေ့လာခဲ့ကြပါတယ်။ ညနေပိုင်းမှာတော့ သဗ္ဗညုဘုရားကို သွားရောက်ဖူးမြော်ပြီးနောက် နေဝင်ချိန် ဆည်းဆာကို ရွှေဆံတော်ဘုရားမှာ သွားရောက်ကြည့်ရှုခဲ့ကြပါတယ်။

၃၀ ရက်နေ့မှာတော့ ရွှေစည်းခုံ ဘုရား၊ လောကနန္ဒာဘုရားတို့ကို နံနက်ပိုင်းမှာ သွားရောက်ဖူးမြော်ခဲ့ပါတယ်။ နေ့လည်စာ စားပြီးတဲ့အခါမှာတော့ နာမည်ကျော် သရပါတံခါးကို

### &Zmen0D

သွားရောက်လေ့လာခဲ့ သလို ပုဂံအနုပညာပြတိုက်၊ မြစေတီ၊ ဘူးဘုရား၊ မနူဟာဘုရား၊ ဓမ္မရံကြီးဘုရားတို့ကိုလည်းရောက်ရှိခဲ့ပါတယ်။ ည (၈) နာရီခွဲမှာ ပုဂံမှပြန်လည်ထွက်ခွာခဲ့ပြီး ဒီဇင်ဘာ (၁) ရက်နေ့နံနက် (၅) နာရီခွဲမှာရန်ကုန်သို့ပြန်လည်ရောက်ရှိခဲ့ကြပါတယ်။











The STRATEGY FIRST Times

**Editor-in-Chief**
Aung Chit Khin

**Advisor**
Dr. Sein Min

**Editor-in-Charge**
Naing Naing Zaw

**Senior Reporter/ Assistant Editor**
Thiha Ko Ko

**Translation Editor**
Thiha Than Naing

**Contributors**
NCC Students

**Layout & Design**
War War Tun

**Senior Business Manager**
Aung Kyaw Htay
May Thet Hnin

**Free Distribution**

**Price** - Free
**Circulation** - 2500

**Publisher**
Aung Chit Khin
( Reg - 01221)

**Printing House**
U Aung Naing Tun
(Amimyay - 00199)

**Address**
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

# ယုံကြည်မှုများယွင်းနေကြတဲ့ အစားအသောက်နဲ့ ပတ်သက်သော Myth များ

လူပြောများကြတဲ့ နေထိုင်စားသောက်မှု၊ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေဟာ အမှားတွေများပါတယ်။ ကျန်းမာရေး၊ အစားအသောက်နဲ့ပတ်သက်လို့အကောင်းဆုံးကတော့ ယုံကြည်ရတဲ့ Nutritionist တွေနဲ့ ဆရာဝန်တွေ ပြောစကားတွေကို နားထောင်ဖို့ပါပဲ။ လူတွေပြောတတ်ကြတဲ့ အစားအသောက်နဲ့ပတ်သက်တဲ့ အမှားတချို့ကို ဖော်ပြလိုက်ပါတယ်။





## ၁။ Microwave အသုံးပြုခြင်းက ကင်ဆာဖြစ်စေတယ်။

လူကြီးတချို့ဟာ Microwaves တွေအသုံးပြုခြင်းက ကင်ဆာဖြစ်စေနိုင်တယ်လို့ ထင်နေကြတဲ့အတွက် မသုံးကြပါဘူး။ ဒါပေမဲ့ ယူကေက ကင်ဆာလေ့လာရေးအဖွဲ့တွေရဲ့ ထုတ်ပြန်ချက်အရ Microwave တွေဟာ အစားအသောက်တွေကို အပူပေးတာသက်သက်ဖြစ်ပြီး တခြားဘေးထွက်ဆိုးကျိုးတွေ မရှိဘူးလို့ သိရပါတယ်။ Microwave အသုံးပြုလိုက်ခြင်းက အစားအသောက်တွေမှာရှိတဲ့ အာဟာရတွေကိုလျော့ပါးသွားစေတယ်လို့ ပြောကြပေမယ့် ဘယ်လိုနည်းလမ်းနဲ့ပဲချက်ချက် ဒီလိုဖြစ်တာပါပဲ (ဥပမာ - ပြုတ်ခြင်း၊ ကင်ခြင်း)

## ၂။ ချောကလက်စားခြင်းက ဝက်ခြံထွက်စေတယ်။

နိုင်ငံတော်တော်များများမှာ လူတွေက ချောကလက်စားရင် ဝက်ခြံထွက်တယ်လို့ ယုံကြည်ထားကြပါတယ်။ ဒါပေမဲ့ Journal of the American Medical Association ရဲ့လေ့လာစမ်းသပ်မှုအရ ဘာမှသက်ဆိုင်မှု မရှိဘူးလို့ဆိုပါတယ်။ လေ့လာမှုမှာ လူတစ်စုကို ချောကလက်ပြားတွေ နေ့စဉ်ကျွေးပြီးနောက် တစ်ဖွဲ့ကိုတော့ ချောကလက်ပုံစံ သကြားလုံးတွေကို ကျွေးပါတယ်။ စောင့်ကြည့်တဲ့အခါမှာ ချောကလက်စားတဲ့အဖွဲ့မှာ ဝက်ခြံထွက်မှု မရှိဘူးဆိုတာကို တွေ့ခဲ့ရတာဖြစ်ပါတယ်။

## ၃။ ပန်းသီးတစ်နေ့တစ်လုံး စားခြင်းက ဆရာဝန်ဆီ မရောက်စေဘူး။

ပန်းသီးတွေဟာ ဗီတာမင်စီနဲ့ ဖိုင်ဘာ ပေါကြွယ်ဝတာကို လူတိုင်းသိကြပါတယ်။ ဒါကြောင့်လည်း လူတွေစားတဲ့အပြင် ပန်းသီး နေ့တိုင်းစားရင်ရောဂါတွေမဖြစ်ဘူးလို့ယုံကြည်နေကြပါတယ်။ တကယ်တမ်းတော့ ကိုယ်ခန္ဓာထဲကို ရောဂါပိုးတွေ ဝင်ရောက်သွားပြီဆိုရင် ပန်းသီးမှာပါရှိတဲ့ အရာတွေက ဘာမှ မကူညီနိုင်ပါဘူး။

## ၄။ အမြဲကျန်းမာနေစေဖို့ ဗီတာမင်တွေသောက်သင့်တယ်။

Multivitamins ဆေးဝါးများ ထုတ်လုပ်ရေးဟာ ဘီလီယံပေါင်း များစွာတန်တဲ့လုပ်ငန်းနယ်ပယ်ကြီးဖြစ်ပါတယ်။ ဒါပေမဲ့ အခုအချိန်မှာ သိပ္ပံပညာရှင်တွေကတော့ Multivitamin တွေ အမြဲသောက်သုံးတာဟာ ကောင်းကျိုးထက် ဆိုးကျိုး ပိုများတယ်လို့ ဆိုနေကြပါပြီ။ ဒီအကြောင်းအရာကတော့ကောင်းတဲ့ဖက်ကရော မကောင်းတဲ့ဖက်ကပါ ပြောဆိုထောက်ခံနေကြတဲ့ Highly Controversial ပြဿနာတစ်ခုဖြစ်ပါတယ်။

## ၅။ အချို (သကြား) စားရင် ဆီးချိုဖြစ်မယ်။

အချိုတွေအလွန်အကျွံစားသုံးတာက ဆီးချိုရောဂါကို ဖြစ်စေနိုင်တယ်ဆိုတာ ဟုတ်ပေမယ့် အချို(သကြား)ဟာ ဆီးချိုဖြစ်စေတဲ့ အဓိကအကြောင်းအရာမဟုတ်ပါဘူး။ ဒီလိုရောဂါမျိုးက အလွန်ရှုပ်ထွေးပါတယ်။ The American Diabetes Association က သကြား အလွန်အကျွံစားသုံးတာနဲ့ အဝလွန်ခြင်းက ဆီးချိုရောဂါဖြစ်နိုင်ခြေ ပိုများစေတယ်လို့တော့ ဖော်ပြထားပါတယ်။ ဒီတော့ နေ့စဉ်ပုံမှန် သကြားပါတဲ့ အစားအစာတွေစားသုံးနေကြတဲ့ လူတွေအနေနဲ့ စိုးရိမ်စရာအရမ်းမရှိပါဘူး။ အလွန်အကျွံ မဟုတ်ရင် အန္တရာယ်မရှိပါဘူး။

သီဟ

The STRATEGY FIRST Times

| ကြော်ငြာအရွယ်အစား | အတွင်းစာ | နောက်ကျောဖုံး |
|---|---|---|
| 1/4 page H (9 in x 3.5 in) | 50,000 ks | - |
| 1/4 page V (4.3 in x 6.5 in) | 50,000 ks | - |
| Half-page (9 in x 7 in) | 100,000 ks | - |
| Full-page (10 in x 15 in) | 200,000 ks | - |

THE STRATEGY FIRST Times ကို စောင်ရေ (၂၅၀၀) နှစ်ပတ်တစ်ကြိမ် ရိုက်နှိပ်ပြီး STRATEGY FIRST INSTITUTE တွင် အခမဲ့ ဖြန့်ဝေသည်။ ကျောင်းသား/သူများ၏ ကြော်ငြာများကိုသာ လက်ခံပါသည်။ ပြင်ပကြော်ငြာများ လက်မခံပါ။ ကြော်ငြာအားလုံးကို ရောင်စုံ 4C ဖြင့် ရိုက်နှိပ်ပြီး ကြော်ငြာမျက်နှာ ကန့်သတ်ထားပါသည်။ Vacancy များအတွက် ၂၀% လျှော့ပေးပါမည်။ ကျောင်းသား/သူများ၏ လက်ထပ်မင်္ဂလာသတင်းများကို အခမဲ့ ဖော်ပြပေးပါသည်။ လူကြီးမင်း၏ ကြော်ငြာ လက်ခံ/လက်မခံကို အယ်ဒီတာအဖွဲ့မှ ဆုံးဖြတ်ပါမည်။ ကြော်ငြာအတွက် ကိုစောဟောသဆဲ (Student Services Manager) (09) 250717166 - 67 - 68 ကို ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။




ပြင်ပရောင်းဈေး ၂၅၀၀ ကျပ်
ကျောင်းသား/သူများအတွက်
တစ်အုပ် ၂၀၀၀ ကျပ်

(၆)လစာ (၆)အုပ် ၁၀၀၀၀ ကျပ်ဖြင့်
ကြိုတင်မှာယူနိုင်ပါပြီ။

Hot-line: (09) 250717166 ~ 68

လစဉ်ထုတ် SFJ တွင်အောက်ပါ နှုန်းထားများဖြင့် ကြော်ငြာနိုင်ပါသည်။
ကျောင်းသား/သူများအတွက် အထူးလျှော့ဈေး - ၁၀%

| | |
|---|---|
| ရှေ့အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| နောက်အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| ကျောဖုံးပြည့် (Art Paper) (7.5 in x 10 in) | 700,000 ks |
| အတွင်းသား စာမျက်နှာပြည့် (Woodfree) (7.5 in x 10 in) | 320,000 ks |
| အတွင်းသား ၂ မျက်နှာတွဲ (Woodfree) (15 in x 10 in) | 445,000 ks |

# MBA က ကိုယ့်ဘဝကို ဘာတွေပြောင်းလဲပေးနိုင်မလဲ



**ဒေါက်တာစိန်မင်း**
**(Academic Director)**

MBA တက်လို့ရှိရင် စီးပွားရေးလုပ်ငန်းတွေကို စီမံခန့်ခွဲလုပ်ကိုင်နိုင်တဲ့ မဟာအဆင့်ဘွဲ့ကို ရမှာပါ။ ပညာရှိထားမှပဲ စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ရာမှာ အဆင်ပြေ ချောမွေ့တာပါ။ MBA က လူတွေရဲ့စဉ်းစားတွေးခေါ်ပုံရယ်၊အသိဉာဏ်ရယ် ဆုံးဖြတ်နိုင်စွမ်းတွေ ပိုပြီးမြင့်တက်လာမှာပါ။လူတွေမှာအဓိက(၃)ချက်ပေါ့ knowledge ( အသိပညာ၊ ဗဟုသုတ) Skill ( ကျွမ်းကျင်မှုရယ်) Attitude (စိတ်နေစိတ်ထား)တွေကအထူးအရေးကြီးပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ကစီမံခန့်ခွဲတယ်၊ရောင်းတဲ့ ဝယ်တဲ့အကြောင်းတွေကို သိတဲ့အပြင် လုပ်ငန်းမှာ ရှိနေတဲ့ လူတွေကို အုပ်ချုပ်ရာမှာ လူစိတ်သဘောသဘာဝ သိမြင်ဖို့တွေ အထူးအရေးကြီးပါတယ်။

အဲတော့ စီမံခန့်ခွဲမှုနည်းလမ်းတွေ တတ်ကျွမ်းမှုတွေ လိုအပ်လာသလို စီးပွားရေး လုပ်ငန်းတစ်ခုကို လုပ်ရာမှာ ငွေရရင်ပြီး ရောမဟုတ်ဘဲ ကိုယ့်အဖွဲ့အစည်းရဲ့ရည်ရွယ်ချက်လည်းပြည့်မီမယ်၊ ကိုယ့်နောက်လိုက်ငယ်သားတွေရဲ့အကျိုးစီးပွားအပြင် တိုင်းပြည်ရဲ့အကျိုးစီးပွားအများကောင်းကျိုးကို ဖြစ်စေနိုင်အောင် ဘယ်လိုခံယူချက်တွေဘယ်လိုနည်းစနစ်တွေနဲ့ လုပ်ရမယ်ဆိုတဲ့ သင်ခန်းစာတွေကိုပါ သင်ကြားပေးတာ ဖြစ်ပါတယ်။ ဒီတော့ စက္ကူပေါ်မှာ ဘွဲ့တံဆိပ်လေး ခတ်နှိပ်ပေးလိုက်တာမျိုး မဟုတ်ဘဲ လက်တွေ့မှာ အသုံးကျပြီး မိမိကော အများအကျိုး နှစ်ခုလုံးမှာ အသုံးချနိုင်အောင် MBA က သင်ကြားပေးတာလည်း ဖြစ်ပါတယ်။

ဒါကြောင့်လည်း တစ်ကမ္ဘာလုံးက စီးပွားရေးနယ်ပယ် အသီးသီးက MBA ကို အသိအမှတ် ပြုကြသလို လူတွေကလည်း ဒီသင်တန်းတွေကို အလေးထားသင်ယူနေတာလည်းဖြစ်ပါတယ်။ တန်ဖိုးအလွန်ကြီးမားတဲ့အတွက်ဒီအခွင့်အရေးကို အမိအရ ဆုပ်ကိုင်ပြီး အသုံးချမယ်ဆိုရင် တကယ်ကို ကောင်းမွန်တဲ့ သင်တန်းတစ်ခုဖြစ်သလို ကိုယ့်ဘဝအတွက် အမှန်ကို အထောက်အကူ ပြုပါတယ်။



**သူရစိုး**
**(Business Management & Administration)**

MBA တက်ပြီးသွားရင်တော့ လုပ်ငန်းကို ဘယ်လိုထိန်းချုပ် စီမံခန့်ခွဲရမလဲဆိုတာကိုတော့အတော်လေးနားလည်သွားမယ်လို့ ယုံကြည်ပါတယ်။ ကိုယ်က သူများဝန်ထမ်းဆိုရင်တောင် အလုပ်ကိုင် အခွင့်အလမ်းကတော့ ပြောစရာကို လိုမယ်မထင်ဘူး။ အထူးသဖြင့် နိုင်ငံခြားလုပ်ငန်းတွေမှာဆိုရင် အတော်လေး မျက်နှာပန်းပွင့်သွားမယ်လို့ထင်တယ်။ ပြည်တွင်းလုပ်ငန်းမှာဆိုရင်တော့ အရမ်းကြီး အခြေအနေကောင်းမယ်လို့တော့ ပြောမရဘူး၊ ဘာလို့လဲဆိုတော့ အချို့သော လုပ်ငန်းရှင်တွေက သူတို့ပဲ ဦးဆောင်ဆုံးဖြတ်တာကိုသဘောကျတော့ MBAသင်ထားတဲ့ သီအိုရီတွေအတိုင်း သူတို့နားလည်အောင် ညှိလုပ်ရမှာတော့ရှိမယ်။



**ထူးလွင်ထွေး**
**(Logistic & Supply Chain Management)**

သင်ယူလေ့လာမှုဆိုတာအမြဲတမ်းလုပ်နေရမယ့် အရာတစ်ခု ဖြစ်ပါတယ်။ ကျွန်တော် IT နဲ့ပြီးပေမယ့်လည်း အခုဆိပ်ကမ်းမှာ နည်းပညာလုပ်ငန်းအင်ဂျင်နီယာအဖြစ်တာဝန်ထမ်းဆောင်နေရတော့ ဒီအပိုင်းတွေကို ပိုပြီးသိအောင် သင်တန်းတွေတက်နေရပါတယ်။ဒီလိုပဲ MBA ဆိုတာကလည်း အဖက်ဖက်က ဘာသာရပ်တွေကို ပိုပြီး သိနားလည်လာအောင် ကျွမ်းကျင်လာအောင် သင်ကြားပေးတဲ့ သင်တန်းတစ်ခု ဖြစ်တာကြောင့်လည်း အဲကနေ ကိုယ့်ဘဝအတွက်ကော အလုပ်ကိုင်အတွက်တွေပါ အများကြီး အထောက်အကူ ပြုမှာပါ။



**ဇင်မင်းထွန်း**
**(Project Management)**

အထူးသဖြင့်တော့ Knowledge ပေါ့၊အဖွဲ့အစည်းတစ်ခုရဲ့ဝန်ထမ်းဆိုရင်တော့သူရဲ့ဘဝလမ်းကြောင်းမှာအတော်လေး ကောင်းမွန်သွားမှာပါ။ ကိုယ့်ဘဝတိုးတက်ဖို့ဆိုရင်လည်းသာမန်ဘွဲ့တစ်ခုနဲ့လည်း ရပ်မနေသင့်ပါဘူး။ အခုတော့ နိုင်ငံတကာ ကုမ္ပဏီတွေလည်း ဝင်လာပြီဆိုတော့ဆက်ပြီးလည်း လေ့လာသင့်ပါတယ်။ MBA ဆိုလည်း ဘယ်ကရတဲ့ဘွဲ့လဲဆိုတာကလည်း အရေးကြီးပါတယ်။ ဒီမှာလို အနောက်နိုင်ငံတွေကပေးတဲ့MBAတွေဆိုရင်တော့ပြောစရာတော့ မလိုပါဘူး။ အဓိကတော့ စီမံခန့်ခွဲမှုကတော့ အတော်လေး နိုင်နင်းသွားမှာပါ။ ဖြစ်နိုင်မယ် အချိန်ရမယ်ဆိုရင်တော့ MBA ကတော့ ပိုပြီးလုပ်ဖို့လည်း လိုသလိုတက်လည်းတက်သင့်ပါတယ်။



**ဇာဇာစိန်**
**(Sales & Sales Management )**

အစ်မ စီးပွားရေးတက္ကသိုလ်က ဖွင့်တဲ့ MBA ကို ကြိုးစားကြည့်ခဲ့ဖူးတယ်၊ အလုပ်နဲ့ဆိုတော့ အချိန်လည်း ငဲ့ခဲ့ရတာဆိုတော့ အဆင်တော့ မပြေခဲ့ဘူး။ အခုကျောင်းမှာဖွင့်တဲ့အတန်းက အချိန်လည်း အဆင်ပြေတယ်၊သင်တန်းကြေးကလည်း ခွဲသွင်းရမှာဆိုတော့ စိတ်ကူးတော့ ရှိနေပါတယ်။ သူဌေးကလည်း သင်တန်းတွေတက်တာကို အားပေးတဲ့အပြင် MBA ပြီးရင်လည်း အခွင့်အလမ်းတွေ ဖန်တီးပေးမယ့်ဆိုတော့ အစ်မအတွက်တော့ တကယ်တက်ဖြစ်ရင်တော့ဘဝကိုအမှန်တကယ် ပြောင်းလဲပေးနိုင်တဲ့ သင်တန်းတစ်ခု ဖြစ်လာမှာပါ။ အင်္ဂလိပ်စာတော့ ပြန်ပြင်ရမှာလည်းရှိတော့ အဲဒါတွေအဆင်သင့်ဖြစ်ရင်ကိုယ့်ဘဝအတွက်သင်ယူဖို့လည်း မှန်းထားပါတယ်။



**မို့မို့သိန်းမြင့်**
**(Human Resources Management)**

MBA ကို တက်ခြင်းအားဖြင့်တော့ အလုပ်အကိုင် အခွင့်အလမ်းတွေတော့ အမှန်ကို များလာမှာပဲ။ ကိုယ်က Academic ကိုသွားမလား၊ လုပ်ငန်းပိုင်းမှာဆိုလည်း ကိုယ်က သီအိုရီတွေကို ပိုင်ပိုင်နိုင်နိုင် သိသွားပြီဆိုတော့ ဘယ်လိုအကောင်ဆုံးဖြစ်အောင်လုပ်မလဲ။ဒါတွေကို ကွဲကွဲပြားပြား သိလာမှာပါ။ ဘယ်လိုလုပ်ငန်းမျိုးပဲလုပ်လုပ် စီမံခန့်ခွဲမှုက အရမ်းကို အရေးကြီးပါတယ်။ ကိုယ်ရဲ့ Networkလည်းပိုကျယ်လာမယ်။စီးပွားရေး အခွင့်အလမ်းတွေလည်း ပိုတိုးလာမှာပါ။ MBA မှာ သင်တဲ့ပုံစံက အားလုံးနားလည်အောင် သင်တာဆိုတော့ သင်တန်းလည်းပြီးရော ကိုယ်က အရာအတော်များများ နားလည်ပြီးသားဆိုတော့ ဘဝအတွက်အများကြီးအထောက်ကူပြုမှာပါ။



**အေးချမ်းမွန်**
**(Human Resources Management)**

MBAကတကယ်လက်တွေ့အလုပ်အကိုင် အတွေ့အကြုံရှိတဲ့ သူတွေဆို အတော်လေး အဆင်ပြေတဲ့ သင်တန်းတစ်ခုပါ။ MBAသင်တဲ့ပုံစံကနိုင်ငံတကာဖြစ်ရပ်တွေနဲ့ကော သီအိုရီတွေကော ပေါင်းစပ်သင်ပေးတဲ့အတွက်အသိပညာတွေကော တွေးခေါ်မှုတွေမှာ အများကြီး တိုးတက်လာမှာပါ။ သင်တန်းပြီးတဲ့သူတွေအတွက်ဆိုလည်းကျွမ်းကျင်မှုကော သီအိုရီတွေကောပိုပြီးပိုင်နိုင်တာဆိုတော့ နေရာကောင်းတွေ လစာကောင်းတွေလည်းအများကြီးရလာမယ်ထင်ပါတယ်။ အခုလည်း ကျောင်းက MBA ပညာသင်ဆုပေးတာဆိုတော့ ကိုယ့်ဘဝအတွက် အများကြီး အထောက်အကူပြုနိုင်တာမို့ အတော်လေးကောင်းတဲ့ အစီစဉ်တစ်ခုလည်း ဖြစ်လာမှာပါ။

# cuf ,fyfwf ,f

# နာနတ်သီးထမင်းကြော်



aro uEBf

ဒီတစ်ပတ်မှာတော့ ချိုချဉ်အရသာရှိမယ့် နာနတ်သီးထမင်းကြော်နည်းကို ပြောပြပါမယ်။ အကြိုက်ဆုံးထမင်းကြော်တွေထဲက တစ်ခုပါ။ ကျောင်း Canteen မှာလည်း ရနေပြီနော်။

**နာနတ်သီး ထမင်းကြော်ဖို့အတွက် လိုအပ်တာတွေကတော့ (၂ယောက်စာ)**

ဆီ ထမင်းစားဇွန်း (၂) ဇွန်း
ကြက်ဥ (၂) လုံး
နာနတ်သီး ပန်းကန်လုံး (၁) လုံးစာ
(အတုံးလေးတွေတုံးထားပါ)
ငရုတ်ပွအနီရောင် အကြီး (၁) လုံး
ကြက်သွန်နီဥကြီး (၁) လုံး
ကြက်သွန်ဖြူ (၃) မွှာ
သီဟိုဠ်စေ့အနည်းငယ်
ဥနီ (၁) လုံး
ပဲသီးစိမ်း (အနည်းငယ်)
ထမင်းချက်ပြီးသား ပန်းကန်လုံး (၂) လုံး
ငရုတ်ဆီ လက်ဖက်ရည်ဇွန်း (၂) ဇွန်း
သံပုရာသီး (၁) လုံး
ဆားအနည်းငယ်

ပထမဦးစွာ ဒယ်အိုးကို အပူပေး၍ ဆီအနည်းငယ်ကိုထည့်ပေးပါ။ မကပ်တဲ့ ဒယ်အိုးဆို ပိုအဆင်ပြေပါတယ်။ ကြက်ဥနှစ်လုံးကို ဆားထည့်၍ ခလောက်ထားပေးပါ။ ခလောက်ထားပြီးသော ကြက်ဥကိုထည့်ပြီး ဖြည်းဖြည်းချင်းကြော်သည်အထိ မွှေပေးပါ။ ပြီးရင် ကြက်ဥကို သပ်သပ်ဖယ်ထားပေးပါ။

ထို့နောက် ဆီတစ်ဇွန်းထပ်ထည့်ကာ တုံးထားတဲ့ နာနတ်သီး၊ ငရုတ်ပွသီး၊ ဥနီ၊ ပဲသီးတို့ကို ထည့်ပြီးအနံ့မွှေးလာကာ နာနတ်သီးအရည်များ ပူလာသည်အထိ မွှေပေးပါ။ ကြက်သွန်နီကို တုံးထားပြီး ကြက်သွန်ဖြူကို ဓားပြားရိုက်ပေးထားပါ။ နာနတ်သီးကို (၅) မိနစ်လောက် ကြော်ပေးပြီးတဲ့အခါ ကြက်သွန်နီ ကြက်သွန်ဖြူတို့ ထည့်ကာ (၁) မိနစ်ခန့် မွှေပေးပါ။ ထို့နောက် သီးခြားပန်းကန်လုံးထဲသို့ထည့်ထားပေးပါ။

ပထမကြော်ထားတဲ့ ကြက်ဥကို အိုးထဲပြန်ထည့်ပြီး နာနတ်သီးများဖြင့် ရောမွှေပေးပါ။ ချက်ထားပြီး အအေးခံထားတဲ့ ထမင်းကို ထည့်ပေးပါ။ ထို့နောက် သီဟိုဠ်စေ့၊ စပျစ်သီးခြောက်များရောထည့်ကာ မွှေပေးပါ။ အရသာအတွက် ငရုတ်ကောင်းနဲ့ ဆားအနည်းငယ် ထည့်ပေးပါ။

အခုဆိုရင်တော့ ချိုချဉ်အရသာရှိတဲ့ နာနတ်သီးထမင်းကြော်ကို သုံးဆောင်နိုင်ပါပြီ။








FrieslandCampina

**(1) Marketing Manager**

**Key Responsibilities**
- To develop, establish and maintain marketing strategies to meet organizational objectives. Effective management of the marketing, advertising and promotional activities of the organization

**Competency Requirements**
- Business or marketing-related degree
- Minimum 5 years of work experiences in marketing department (FMCG preferred)
- Fluent in English

**(2) Distributor Sales Manager**

**Key Responsibilities**
- Handling day to day operation of distributor sales operation, direct selling in key carrier accounts , solving moderately complex issue , variables to identify root cause within job area
- Ensure sales plans, key account strategies are implemented. Lead the functional teams towards the launch and promotion of the product

**Competency Requirements**
- Any Degree discipline
- Minimum 4-5 years of experiences in related position/field
- Reporting skills , Proficiency of MS Office and English knowledge will be a bonus
- Must have valid driving license and willing to travel

**(3) Nutrition Executive**

**Key Responsibilities**
- Performing as a key line between medical and pharmaceutical companies and healthcare, medical marketing programs
- Monitor and evaluate government policy related to infant formula in the respective business territory
- Advise on nutrition matter to customers, visit market for product consultant and sales improvement

**Competency Requirements**
- Graduated with M.B.B.S or B.D.S
- Minimum 2 years of work experiences in same field
- Proficiency of MS Office and Good command of English

Interested and qualified candidates are encouraged to send resumes to jobs.fcmyanmar@frieslandcampina.com or MICT park, Building 18, Level 6, Hlaing Township, Yangon, Myanmar. 01-2305374/5 Ext. 122



MD မြို့တော် မဥမှာ



သံပြား၊ ဟင်ဂလန်၊ ဖော်လို၊ သံပိုက်၊ စီချန်နယ် နှင့် သံထည်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေး
သံပြားဖြတ်ခေါက်ချိုးသံပန်း/သံတံခါး၊ တွန်းလှည်းနှင့် သံဒါန်း/စတီးဒါန်းလုပ်ငန်း
STRATEGY FIRST မှ ကျောင်းသား/သူများဝယ်ယူပါက (၅%) လျှော့ပေးပါမည်။
အမှတ်(၂၇၄/ဃ) ဆင်တဲလမ်းနှင့် မလွန်လမ်းထောင့်၊ စက်မှုဇုန်(၃)တောင်ဒဂုံ။
အမှတ်(၁၃/၂၂၇)၊ ဆင်တဲလမ်း၊ စက်မှုဇုန်(၃)တောင်ဒဂုံ။
01- 8100643, 09 - 73116190, 09 - 8635010, 09 - 5143487, 09 - 421015416


## Comments Welcome

STRATEGY FIRST INSTITUTE rS au smi f o m;? au smi fo rsm; t q i f a jyr h sm; t wu f q & m O D t m i f cpc i f (Principal) o kYwkdu f kd f q uf o , f wk du f m; Ekd ief zk ef ; y k wEf S wu email rsm; ukd n f a t m uf wi f a z m f jy x m; y g o n f

(09) 250 7171 66~68

aungchitkhin@mystrategyfirst.com

# STRATEGY FIRST INSTITUTE

EDINBURGH
BUSINESS SCHOOL
HERIOT-WATT UNIVERSITY

# MBA

General Finance HRM Marketing

**STRATEGY FIRST INSTITUTE** is an approved representative of Edinburgh Business School.



Application Deadline for Batch (2) - 31st December 2016

U KYAW LWIN OO, CHAIRMAN

DR. MAY YIN MAUNG, DIRECTOR
RED HORSE DAIRY INDUSTRIES (PEP)

KO HTET MYET OO, MANAGING DIRECTOR
KHANT NYAR HTUT CO., LTD.

MA NANG KYAN MON, DIRECTOR
IMPERIAL SILVER MOON TRADING CO., LTD.

AYA Bank
Your Trusted Partner ရော့ဝတီဘဏ်

**AYA Bank Education Loan နဲ့ သင်တန်းကြေးပေးသွင်းခြင်း**

| EBS MBA (General) (၁၈)လပေးသွင်းရန် | |
|---|---|
| ကနဦးပေးသွင်းငွေ ၂၀ ရာခိုင်နှုန်း | ၃,၄၉၇,၀၀၀ ကျပ် |
| လစဉ်ပေးသွင်းငွေ | ၈၅၉,၅၀၀ ကျပ် |
| ဘဏ်အတိုးအပါ ကျသင့်ငွေပေါင်း | ၁၈,၉၆၃,၉၁၀ ကျပ် |

| Stamford MBA (၁၈) လပေးသွင်းရန် | |
|---|---|
| ကနဦးပေးသွင်းငွေ ၂၀ ရာခိုင်နှုန်း | ၂,၄၉၀,၀၀၀ ကျပ် |
| လစဉ်ပေးသွင်းငွေ | ၆၀၂,၀၀၀ ကျပ် |
| ဘဏ်အတိုးအပါ ကျသင့်ငွေပေါင်း | ၁၃,၅၀၆,၀၀၀ ကျပ် |

ဒေါ်လာဈေး ၁,၂၉၀ ဖြင့်တွက်ချက်ပေးထားခြင်းဖြစ်ပါသည်။ ကျောင်းသား / ကျောင်းသူဟောင်းများအတွက် အထူး Discount ကိုခံစားနိုင်ပါသည်။

STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®









# SIGNATURE M.B.A

သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship

* Independent Study

Application Deadline for Batch (1) 4th Intake
31st December 2016

No. 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.
#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon.

**APPLY NOW: (09) 450 177770, 09 250 717168**

# ထင်းရှူးမြို့တော် (သို့) ကလော



photo-naychilamintour.com

SFJ Team

ကလောမြို့သို့ အလည်ရောက်ဖူးသူတိုင်း ထင်ရှူးပင်ကြားက မြို့လေး၊ တောင်တန်းတွေ ဝန်းရံထားတဲ့ မြို့လေးရဲ့ သဘာဝ အလှရှုခင်းတွေကို မေ့လို့ရနိုင်မယ် မထင်ပါဘူး။ တောင်ပေါ်မြို့လေးတစ်မြို့ဖြစ်တဲ့အတွက် အေးစိမ့်စိမ့် တောင်ပေါ်လေက မြေပြန့်ဒေသမှ လာရောက်လည်ပတ်တဲ့ခရီးသွားတွေကို ဆီးကြိုနှုတ်ဆက်လို့ နေပါတယ်။ ထင်ရှူးပင်အနံ့တွေ၊ မြူတွေဆိုင်းနေတတ်တဲ့ နံနက်ခင်းနဲ့ ညနေခင်းတွေ၊ လမ်းတစ်လျှောက် ပန်းခင်းတွေက ခရီးသွားချစ်သူတွေကို ဆွဲဆောင်နေတဲ့ သဘာဝတရားအလှအပတွေပဲ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းမှာ တည်ရှိတဲ့ တောင်ပေါ်မြို့ကပင်လယ်ရေမျက်နှာပြင်အထက် ၁၄၀၀ ကျော် –၁၅၀၀ ဝန်းကျင်မှာ တည်ရှိပါတယ်။ ကလောမြို့ကို ရှေးမြန်မာမင်းများ လက်ထက်က ရှမ်းပြည်နယ်သို့လာရာ လမ်းခုလတ်နားနေရာတစ်ခုအဖြစ် အသုံးပြုခဲ့ကြတယ်လို့ အဆိုရှိပါတယ်။ အင်္ဂလိပ်ခေတ်မှာတော့ အစိုးရအမှုထမ်းတွေက မြေပြန့်ဒေသက နွေရာသီအပူဒဏ်ကို ရှောင်ရှားဖို့အတွက် ရာသီဥတု အေးမြသာယာတဲ့ကလောကိုတောင်ပေါ်အနားယူ အပန်းဖြေစခန်းတစ်ခုအဖြစ် တည်ဆောက်နေထိုင်ခဲ့ကြပါတယ်။

ကလောမြို့အရပ်လေးမျက်နှာမှာ တောင်စဉ်တောင်တန်းတွေ ဝန်းရံနေပြီး ထင်းရှူးပင်တွေကို မျှော်မဆုံး ရှုမဆုံးမြင်တွေ့ရနိုင်ပါတယ်။ ရာသီဥတု အေးမြသာယာပြီး တိုင်းရင်းသားလူမျိုးများ နေထိုင်ကြရာ ဒေသဖြစ်သလို ကိုလိုနီခေတ် အဆောက်အဦများလည်း ရှိတဲ့အတွက် နိုင်ငံခြားခရီးသွားများ နှစ်သက်လည်ပတ်ရာ မြို့လည်းဖြစ်ပါတယ်။ ကလောမြို့မှာ လူမျိုးပေါင်းစုံနေထိုင်ကြပြီး ဓနု၊ တောင်ရိုး၊ ပလောင်၊ ပအိုဝ့် စတဲ့ တိုင်းရင်းသားလူမျိုးများကိုလည်း တွေ့ရပါတယ်။

သဘာဝတောတောင်ရှုခင်းများက မြို့ပတ်ပတ်လည် ဝန်းရံတည်ရှိနေတဲ့အတွက် ခရီးသွားများအတွက် ရှုမဆုံး၊ ကြည့်မဝ ဖြစ်နေစေပါတယ်။ ရှုခင်းတွေအပြင် လည်ပတ်စရာများလည်း များပြားလှပါတယ်။ ကလောမြို့နဲ့ နီးတဲ့ အောင်ပန်း၊ ပင်လောင်း ဘက်သို့ သွားမယ်ဆိုရင် လမ်းဘေးဝဲယာမှာ စိုက်ပျိုးထားတဲ့ ဂေါ်ဖီစိုက်ခင်းတွေ၊ ပန်းမျိုးစုံစိုက်ခင်းတွေကိုအရောင်အသွေး အမျိုးမျိုးနဲ့ တွေ့ရမှာ ဖြစ်ပါတယ်။

ကလောဈေးမှာ ဒေသထွက်စားသောက်ကုန်တွေဖြစ်တဲ့ လက်ဖက်၊ နေကြာစေ့၊ ပဲပုတ်၊ လိမ္မော်သီးစတဲ့ အစားအသောက်များ၊ သီးနှံများကို လတ်လတ်ဆတ်ဆတ်နဲ့ ဈေးနှုန်း ချိုချိုသာသာဝယ်ယူရရှိနိုင်ပါတယ်။ အရောင်အသွေးစုံလင်တဲ့ ရှမ်းပြည်နယ် အမှတ်တရ လွယ်အိတ်၊ ပဝါစတဲ့ ရိုးရာ အသုံးအဆောင်များကို ရွေးချယ်ဝယ်ယူနိုင်ပါတယ်။

ဆုတောင်းပြည့်ဘုရား၊ အောင်ချမ်းသာစေတီ၊ ရွှေဥမင်ဘုရား၊ နီးဘုရားများဆီသို့ သွားရောက် ဖူးမြော်နိုင်ပါတယ်။ နီးဘုရားမှာ နှစ်ပေါင်း ၅၀၀ ကျော် သက်တမ်းရှိပြီးဖြစ်တဲ့ တန်ခိုးကြီး ဘုရားတစ်ဆူ ဖြစ်ပါတယ်။ Christ The King Church သို့လည်းဗဟုသုတအဖြစ်သွားရောက်လည်ပတ်သင့်ပါတယ်။

ပြည်တွင်းပြည်ပ ခရီးသွားများလာရောက်လည်ပတ်မှု များပြားတဲ့ မြို့တစ်မြို့လည်း ဖြစ်တဲ့အတွက်အစားအသောက်အတွက်ရွေးချယ်စရာဆိုင်ကောင်းကောင်းများ ပေါများလှပါတယ်။ မြန်မာထမင်းဟင်း ကြိုက်နှစ်သက်တဲ့ သူတွေအတွက် သုမောင်စားသောက်ဆိုင်၊ ရှမ်းအစားအစာများ မြည်းစမ်းလိုသူတွေအတွက် ရှမ်းမလေးစားသောက်ဆိုင်၊ ရှမ်းခေါက်ဆွဲ ကောင်းကောင်းစားလို သူတွေအတွက် ပြည့်ပြည့်ရှမ်းခေါက်ဆွဲ စတဲ့ ဆိုင်တွေဟာ ဝါးတီးကောင်းကောင်းကြိုက်တဲ့သူတွေ ရွေးရခက်မယ့် ဆိုင်တွေပဲ ဖြစ်ပါတယ်။ Trip Advisor မှ ဆု ရရှိထားတဲ့အထိ အရသာကောင်းမွန်လှတဲ့ သီရိဂေဟာ စားသောက်ဆိုင်ဆိုတဲ့ ဆိုင်လေးလည်း ရှိပါတယ်။ ဒီဆိုင်က နိုင်ငံတကာအစားအသောက်ဆိုင်ဖြစ်တဲ့အတွက် ပြည်ပခရီးသွားတွေနဲ့ အမြဲစည်ကားနေလေ့ရှိပါတယ်။

သဘာဝတောတောင်ရှုခင်းများ၊ ဘုရားစေတီပုထိုးများ၊ သမိုင်းဝင်အဆောက်အဦများ တည်ရှိသလို Trekking ကြိုက်နှစ်သက်တဲ့ ခရီးသွားများအတွက်လည်းကလောတွင် Trek Tour များနဲ့ လည်ပတ်သွားလာလို့ ရပါတယ်။ ရန်ကုန်မှာ ပူလောင်မွန်းကြပ်နေသူတွေအတွက် ရက်ပိုင်းလောက် အချိန်ယူပြီး အေးချမ်းသာယာတဲ့ ထင်ရှူးမြို့တော်လေးဆီမှာ သွားရောက်အပန်းဖြေကြဖို့ တိုက်တွန်းလိုက်ပါတယ်။





photo-fantabulous-myanmar.com












# Fantastic Beasts and Where to Find Them

Fantastic Beasts and Where to Find Them ရုပ်ရှင်ဟာ ၂၀၀၁ ခုနှစ်က ထွက်ရှိခဲ့တဲ့ နာမည်ကျော် Harry Potter စာရေးဆရာ J.K Rowling ရဲ့စာအုပ်ကို အခြေခံပြီး ရိုက်ထားတာဖြစ်ပါတယ်။ Fantastic Beasts and Where to Find Them ဟာ Harry Potter Universe ထဲမှာပဲ ဇာတ်အိမ်တည်ထားတာ ဖြစ်တာကြောင့် HP series တွေကြည့်ရင်း ကြီးပြင်းခဲ့သူတွေအဖို့ Magic Wand တွေ၊ Wizard တွေနဲ့ အံ့သြဖွယ်ရာ Spell ကို တစ်လုံးတစ်ဝကြီး ပြန်လည်ခံစားရမှာဖြစ်ပါတယ်။

ခေတ်ကာလအားဖြင့် ၁၉၂၆ ခုနှစ်မှာ အခြေတည်ထားပြီးတော့ Newt Scamander ဟာ တစ်ကမ္ဘာလုံးကို ပတ်ပြီးတော့ Magical Creatures တိရစ္ဆာန်ဆန်းတွေကို လေ့လာမှု ပြုလုပ်ကာ စာအုပ်တစ်အုပ် ရေးသားနေတာ ဖြစ်ပါတယ်။ သူဟာ အမေရိကန်နိုင်ငံ နယူးယောက်မြို့ကို ခဏတာရောက်လာခဲ့ပါတယ်။ ရောက်လာပြီးလုပ်စရာရှိတာလုပ်ကာပြန်သွားဖို့စီစဉ်ထားပေမယ့် MACUSA Magical Congress of the United States of America မှ Goldstein၊ Jacob လို့ခေါ်တဲ့ စုန်း (wizard)မဟုတ်တဲ့ သာမန်လူ No-Maj (Britain က စုန်းတွေကတော့ သာမန်လူတွေကို Muggle တွေလို့ ခေါ်ကြပါတယ်) တစ်ယောက်နဲ့ မတော်တဆ တွေ့ဆုံခဲ့ကာ အမေရိကန်နိုင်ငံ (MACUSA) ရဲ့ ဗြိတိန်နိုင်ငံရဲ့မတူညီတဲ့ စည်းမျဉ်းများနဲ့လည်း ကြုံတွေ့ခဲ့ရပါတယ်။ မှော်စွမ်းအင်တွေနဲ့ ဖန်တီး ထားတဲ့ Newt Scamander ရဲ့လက်ဆွဲသေတ္တာထဲက တိရစ္ဆာန်ဆန်းတချို့မတော်တဆ လွတ်သွားတဲ့အခါ Jacob နဲ့ Goldstein ညီအစ်မနှစ်ယောက် အကူအညီနဲ့ လိုက်လံရှာဖွေကြပါတယ်။ No-Maj တွေနဲ့ Wizard တွေကြား ဘာတွေဆက်ဖြစ်မလဲဆိုတာနဲ့ နောက်ကွယ်က တိတ်တဆိတ် စောင့်ကြည့်ကာ အခွင့်ကောင်းယူဖို့ စောင့်ဆိုင်းနေတဲ့ Dark Force တစ်ခုနဲ့ တွေ့ဆုံမှုဇာတ်လမ်းတွေကို ရင်သပ်ရှုမောဖွယ် ရိုက်ကူးတင်ဆက်ထားတာကို ကြည့်ရှုရမှာ ဖြစ်ပါတယ်။

J.K Rowling ရဲ့မှော်ဝင်ကမ္ဘာကြီးထဲကို ဝင်ရောက်ခံစားကြည့်ခြင်းက အမြဲတမ်း ပျော်ရွှင်စရာ ကောင်းပါတယ်။ ဒါပေမဲ့ HP ပရိသတ်တွေ အနေနဲ့ Fantastic Beasts and Where to Find Them မှာ ပါဝင်တဲ့ အမေရိကန်နိုင်ငံရဲ့ wizard ကမ္ဘာကြီးရဲ့ဇာတ်လမ်းက လူကြီးပိုဆန်တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ Hogwarts မှာလိုမျိုး ကျောင်းသားကလေးတွေ ကျောင်းတက်လိုက်၊ ပညာတွေသင်လိုက် အခက်အခဲတွေ ကျော်ဖြတ်လိုက်ဆိုတာမျိုးထက် အခြေအနေတွေကိုအနည်းငယ် ပိုတင်းမာအောင် ဖန်တီးထားပါတယ်။ No-maj(Muggle) တွေနဲ့ Wizard တွေရဲ့ဆက်ဆံမှုဟာကောင်းမွန်မှုမရှိပါဘူး။ Newt Scamander ရဲ့စုဆောင်းမှု ထဲက Magical Creature တွေနဲ့ တိုက်ပွဲတွေကတော့ CGI နည်းပညာအသုံးပြုမှု ပီပြင်လွန်းတာကြောင့် သဘာဝကျလှပါတယ်။

Harry Potter ထဲမှာတော့ Newt Scamander ရေးသားထားတဲ့ Fantastic Beasts and Where to Find Them ဆိုတဲ့ စာအုပ်ဟာ နာမည်ကြီးပြီးတော့ ပထမနှစ် Hogwarts ကျောင်းသားတွေအတွက် ဖတ်စာအုပ်အဖြစ် အသုံးပြုနေတာကို HP Fan တွေ သတိပြုမိမှာဖြစ်ပါတယ်။ နိုဝင်ဘာလ ၂၇ ရက် နေ့စာရင်းများအရ Fantastic Beasts and Where to Find Them ရုပ်ရှင်ဟာ တစ်ကမ္ဘာ လုံးမှာ အမေရိကန်ဒေါ်လယာ ၄၇၃ သန်း ရရှိနေပြီဖြစ်ပြီးတော့ ကုန်ကျစရိတ်အနေနဲ့တော့ ရိုက်ကူးစရိတ် သန်း ၁၈၀ နဲ့ မားကတ်တင်းစရိတ် သန်း ၁၅၀ အသုံးပြုခဲ့ပါတယ်။ Rating အရ IMDB မှာ ၇ ဒသမ ၉ ရရှိထားပါတယ်။ သရုပ်ဆောင်တွေကတော့ Eddie Redmayne (The Theory of Everything)၊ Katherine Waterston၊ Ezra Miller(Justice League)၊Collin Farrel နဲ့ Johnny Depp တို့လို နာမည်ကျော်တွေဖြစ်ပြီး ဒါရိုက်တာကတော့ HP နောက်ဆုံး (၄) ကား ရိုက်ကူးခဲ့တဲ့ David Yates ပဲ ဖြစ်ပါတယ်။

SFJ Team



# ကမ္ဘာကျော် အောင်မြင်သူတွေရဲ့ နံနက်ခင်း အမူအကျင့်များ

သီဟ

ကမ္ဘာကျော်အောင် အောင်မြင်တဲ့သူတွေ ဟာစိတ်ဖိစီးမှု၊ အလုပ်ပိမှုတွေကြားမှာ ဘယ်လိုများအမြဲတမ်းထိပ်ဆုံးမှာရလဒ်ကောင်းတွေနဲ့ဦးဆောင်နေသလဲဆိုတာ သင်စဉ်းစားမိသလား၊ သူတို့အတွက် အရေးအကြီးဆုံးက နံနက်ပိုင်း ကိုယ်ပိုင်အချိန်တွေမှာ ပြုလုပ်တတ်ကြတဲ့ အရာတွေပါပဲ။ ပြီးတော့ သူတို့ဟာ သူတို့ရဲ့အိပ်ချိန်တွေကိုလည်း အများနဲ့မတူအောင် စီမံခန့်ခွဲတတ်ပါတယ်။ ဒီနေရာမှာ Albert Einstein ကစလို့ Mark Zuckerberg အထိ အောင်မြင်သူတချို့ရဲ့နံနက်ပိုင်း ပြုမူတတ်တဲ့ အမူအကျင့်တွေကို ဖော်ပြပေးလိုက်ပါတယ်။



**Albert Einstein-**Scientist- Einstein ဟာ ကမ္ဘာကျော်တွေထဲမှာ အိပ်ချိန်အများဆုံး လူတစ်ယောက်ဖြစ်ပါတယ်။ တစ်နေ့ကိုအိပ်ချိန် ၁၀နာရီ – ၁၁နာရီလောက် အိပ်ပြီးတော့ အိပ်ရေးဝတာကတီထွင်နိုင်စွမ်းကောင်းစေတယ်လို့ ဆိုပါတယ်။ သူက နံနက် (၈)ခွဲဆိုရင် ထကာ သတင်းစာဖတ်ပြီးတော့ သူအလုပ်လုပ်ရာ နေရာကို လမ်းလျှောက်သွားတတ်ပါတယ်။



**Bill Gates-Microsoft,Founder-** နံနက် (၇) နာရီဆိုရင် ပုံမှန်ထလေ့ရှိပြီးတော့ နံနက်ပိုင်းမှာ ဦးနှောက်နဲ့ ခန္ဓာကိုယ်ကို လန်းဆန်းပြီး တက်ကြွနေဖို့အတွက် Educational video တွေကြည့်ရင်း ပြေးစက်ပေါ်မှာ ပြေးလေ့ရှိပါတယ်။

**Steve Jobs-Founder,Apple Inc-** Steve Jobs ဟာ နံနက်ဆိုရင် သူ့ကိုယ်သူ မှန်ထဲမှာ ကြည့်ပြီးတော့ ငါ့ရဲ့ရည်ရွယ်ချက်က ဘာလဲ၊ ငါဘာလုပ်နေတာလဲဆိုတာကို ကိုယ့်ကိုယ်ကိုယ် ပြန်မေးပါတယ်။ ဒီလိုလုပ်ခြင်းကြောင့် ကိုယ့်ရဲ့ရည်မှန်းချက်၊ရည်ရွယ်ချက်ကို တစ်နေ့တာအတွက် ကောင်းစွာ Focus လုပ်နိုင်တာဖြစ်ပါတယ်။ သူကနံနက်ကို (၆) နာရီဆို ထလေ့ရှိပါတယ်။



**Richard Brandson-Founder, Virgin Group-** နံနက်တိုင်း စွန့်လွှတ်တာ၊ တင်းနစ်ရိုက်တာနဲ့ ရေကူးတာတွေ လုပ်လေ့ရှိတဲ့ Richard Branson က (၅) နာရီဆိုရင်ထနေပါပြီ။





**Mark Zuckerberg-Facebook, co founder-** Mark Zuckerberg ဟာ နံနက်ပိုင်းမှာအကျီဝတ်တဲ့အခါမှာရွေးချယ်ရင်း အချိန်ကုန်မှာစိုးတဲ့အတွက် နေ့တိုင်းအကျီ ဒီဇိုင်းတစ်မျိုးတည်းကိုသာ ဝတ်ဆင်လေ့ ရှိပါတယ်။ Zuckerberg ကတော့ နံနက်ဆိုရင် (၈) နာရီမှာ ထလေ့ရှိပါတယ်။



**Benjamin Franklin-**(၅)နာရီထလေ့ရှိတဲ့ Benjamin Franklin ဟာ နံနက်ဆိုရင် ဒီနေ့ငါကောင်းမွန်တဲ့အရာ ဘာလုပ်ရင်ကောင်းမလဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးပါတယ်။

**Indra Nooyi-Pepsi,CEO-** အိပ်စက်ခြင်းဆိုတာ ဘုရားပေးတဲ့ဆုလို့ တချို့လူတွေက ပြောကြတယ်။ ကျွန်မတော့ အဲဒီဆုဘယ်တုန်းကမှမရခဲ့ဘူးလို့ ပြောခဲ့ဘူးတဲ့ Pepsi ရဲ့ CEO ဟာ နေမထွက်ခင် အိပ်ရာထကာ တစ်နေ့လုံး လုပ်စရာတွေအတွက်ကြိုစဉ်းစားတာကအလုပ်လုပ်ဖို့အတွက် ပိုစိတ်အားထက်သန်စေတယ်လို့ဆိုပါတယ်။



**Warren Buffett-Investor, Philanthropist-** (၆)နာရီ၄၅မှာအိပ်ရာထပြီးတော့ သတင်းစာ (၆) စောင်လောက်ကို တစ်ထိုင်တည်း ဖတ်တတ်ပါတယ်။





# 5 ways to lead in an era of constant change

**Strategy First Times** ရဲ့ Ted Talk ကဏ္ဍ Ted.com က ကမ္ဘာကျော်တွေနဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာလေ့လာစရာတွေကို အပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖော်ပြထားတာက Video ဖြစ်ပြီးတော့ Video ဝင်ကြည့်ဖို့ Mobile Phone နဲ့ပေးထားတဲ့ QR Code ကို Camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Application တွေကိုတော့ Google Playstor နဲ့ App Store တို့ကနေ Download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ Jimi Hemerling ရဲ့ 5 ways to lead in an era of constant change ဆိုတဲ့ Video တိုလေးကို ဖော်ပြမှာ ဖြစ်ပါတယ်။

Jimi Hemerling ဟာ နာမည်ကျော် The Boston Consulting Group ရဲ့ People & Organization and Transformation Practices ဌာနမှာ Semior Partner နဲ့ Managing Director ဖြစ်ပြီး သူ့ရဲ့ကျွမ်းကျင်မှုကတော့ အရည်အသွေးမြင့် အဖွဲ့အစည်း ဆိုင်ရာပြောင်းလဲခြင်း ဖြစ်ပါတယ်။ ဒီဗီဒီယိုထဲမှာ Jimi ဟာ အမြဲတစေပြောင်းလဲတိုးတက်နေတဲ့ ခေတ်ကြီးမှာ အဖွဲ့အစည်းတွေအတွက်အကျိုးရှိစေမယ့် ပြောင်းလဲခြင်းဆိုင်ရာ နည်းလမ်း ၅ ခုကို ရှင်းလင်းထားပါတယ်။



ပြောင်းလဲခြင်းတွေ ပြုလုပ်တာက ခက်ခဲတဲ့ ပြောင်းလဲခြင်းတွေမှ အကျိုးများတယ်လို့ သင့်ကို တစ်ယောက်ယောက် ပြောဘူးသလား။ အဖွဲ့အစည်းတွင်း ပြောင်းလဲခြင်းဆိုင်ရာ ကျွမ်းကျင်သူ Jimi Hemerling ရဲ့အဆိုအရတော့ အစဉ်အမြဲပြောင်းလဲနေတဲ့ စီးပွားရေး လောကကြီးနဲ့ အမီလိုက်ပြီး ကိုယ့်လုပ်ငန်းကို ပြောင်းလဲခြင်းဟာ အဖွဲ့အစည်းကို ပိုပြီး ခိုင်မာစေပါတယ်လို့ သူက ဆိုပါတယ်။ ဥပမာအနေနဲ့ Jimi က LEGO ကုမ္ပဏီကိုပြထားပါတယ်။ LEGO ဟာ အခုလိုမျိုးတစ်ကမ္ဘာလုံးမှာ အောင်မြင်နေတဲ့ ကုမ္ပဏီတစ်ခု ဖြစ်နေတာက ကောင်းမွန်တဲ့ ဦးဆောင်သူတွေအောက်မှာ ပြောင်းလဲမှုတွေကို လိုအပ်တဲ့အချိန်တိုင်းမှာပြုလုပ်ခဲ့လို့ဖြစ်တယ်လို့ပြောပါတယ်။ ပြောင်းလဲမှုတိုင်းမှာလည်း ဦးတည်ချက်တစ်ခု စီရှိခဲ့ကြပြီး ရည်မှန်းချက်တွေ ပြည့်မြောက်အောင်လို့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်လို့ သူကဆိုပါတယ်။ Jimi Hemerling ရဲ့ Change နဲ့ပတ်သက်တဲ့ ဗီဒီယိုတိုလေးကနေပြီးတော့ သင်တို့လည်း ကိုယ့် Organization အတွက် အရေးပါတဲ့၊ ပိုမိုတိုးတက်စေမယ့်ပြောင်းလဲမှုတွေက ဘယ်လိုလဲဆိုတာ ကြည့်ရှုအကြံဉာဏ် ရရှိနိုင်ပါတယ်။



English 4 Skills for Professional-Elementary (Batch-08-02)
ကျောင်းသား/သူများ ဘားအံ - တောင်ပိုင်းတောင် လေ့လာရေးခရီးစဉ်



International Business Communications (Batch-12-01)
ကျောင်းသား/သူများ ဘားအံ - တောင်ပိုင်းတောင် လေ့လာရေးခရီးစဉ်






နောက်ကျောဖုံးမှအဆက်

# September 2016 ICM Exam Results

## Credit (B) ဖြင့်ထူးချွန်စွာအောင်မြင်ကြသူများ

| | |
|---|---|
| Wah Wah Htun | Human Resources Management |
| Wah Wah Khaing | Human Resources Management |
| Wah Wah Phyo | Human Resources Management |
| Win Min Aye | Human Resources Management |
| Yin Wai Htun | Human Resources Management |
| Zar Chi Tun | Human Resources Management |
| Zin May Soe | Human Resources Management |
| Su Hnin Aye | International Business Communications |
| April Hsu Mon | International Business Communications |
| Khin Muyar Tun | International Business Communications |
